# နိဒါန်း

Organizational Behavior (OB) ဘာသာရပ်ဆိုတာ အဖွဲ့အစည်း တစ်ခု အတွင်းရှိ လူတစ်ဦးချင်းစီ၏ အပြုအမူတွေ၊ အမူအကျင့်တွေကို လေ့လာပြီး ထိုအပြုအမူတွေကို ပြုပြင်ထိန်းကြောင်းမှုတွေ ထပ်လောင်းလုပ်ဆောင်ခြင်းဖြင့် ၎င်းတို့ရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်ပေးရတဲ့၊ အဖွဲ့အစည်း တစ်ခုအတွက် အရေးပါတဲ့ လုပ်ငန်းစဉ် တစ်ခုပဲဖြစ်ပါတယ်။ OB ဘာသာရပ်ကို အဖွဲ့အစည်းဆိုင်ရာ အပြုအမူ (သို့) အဖွဲ့အစည်းတစ်ခု အတွင်းရှိ အပြုအမူများ၊ အမူအကျင့်များ၊ အလေ့ အထများကို လေ့လာဆန်းစစ်ခြင်းပညာလို့လည်း ခေါ်ဆိုလေ့ရှိပါတယ်။

ဒါ့အပြင် OB ဘာသာရပ်ဟာ အပြုအမူဆိုင်ရာ လက်တွေ့ အသုံးချသိပ္ပံပညာရပ် (Applied Behavioral Science) တစ်ခုဖြစ်ပြီး အဓိကအားဖြင့် စိတ်ပညာ (Psychology)၊ လူမှုရေးစိတ်ပညာ (Social Psychology)၊ လူမှုဆက်ဆံရေးပညာ (Sociology)၊ နိုင်ငံရေးသိပ္ပံပညာ (Political Sciences)၊ မနုဿဗေဒပညာ (Anthropology)၊ စီးပွားရေးပညာ(Economics) စတဲ့ ပညာရပ်ဆိုင်ရာ နယ်ပယ်တွေနဲ့ ဆက်စပ်လျှက်ရှိတဲ့ ပညာရပ်တစ်ခုလည်း ဖြစ်ပါတယ်။ တနည်းဆိုရသော် အထက်ပါဘာသာရပ်များစွာမှ ဖော်ထုတ်ရရှိတဲ့ အပြုအမူဆိုင်ရာ၊ အမူ အကျင့်ဆိုင်ရာ လေ့လာတွေ့ရှိချက်များအပေါ်တွင် အခြေခံတည်ဆောက်ထားတဲ့ ဘာသာရပ် တစ်ခုပဲ ဖြစ်ပါတယ်။

ဒါကြောင့် OB ဘာသာရပ်ကို နယ်ပယ်အစုံက အသိပညာ ဗဟုသုတများ၊ ကွဲပြားခြားနားတဲ့ ကျွမ်းကျင်မှုများ၊ လုပ်ဆောင်ချက်များကို ပေါင်းစပ် ထားတဲ့ လေ့ လာမှု နယ်ပယ်တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ဒါ့အပြင် OB ဘာသာရပ်ဟာ စီမံခန့်ခွဲမှု လုပ်ငန်းစနစ်ရဲ့ ခွဲခြားမရတဲ့၊ မပါမဖြစ်တဲ့ အစိတ်အပိုင်း တစ်ခုဖြစ်ပြီး အဖွဲ့အစည်းများကို စီမံခန့်ခွဲရတဲ့ မန်နေဂျာများရဲ့ လက်စွဲ ဘာသာရပ် တစ်ခုလည်း ဖြစ်ပါတယ်။ HR ဘာသာရပ်ရဲ့ အခြေခံ ဘာသာရပ် တစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ဒီစာအုပ်မှာတော့OB ဘာသာရပ်နဲ့ပတ်သတ်ပြီး သိသင့်သိထိုက်တဲ့ အကြောင်းအရာ တစ်ခုချင်းအလိုက်ကို စနစ်တကျလေ့လာနိုင်အောင် ဖော်ပြထားပါတယ်။ ဆက်လက် လေ့လာကြည့်ရအောင်။

# မာတိကာ


စာရေးသူ၏ အမှာ
နိဒါန်း

**အပိုင်း(၁)**
**အဖွဲ့အစည်းဆိုင်ရာ အပြုအမူ ဘာသာရပ် မိတ်ဆက်**
**(Introduction to Organizational Behavior)**

အခန်း(၁) အဖွဲ့အစည်းဆိုင်ရာ အပြုအမူ၏ အခြေခံသဘောတရားများ
(Principles of Organizational Behavior)

**အပိုင်း(၂)**
**လူပုဂ္ဂိုလ် တစ်ဦးချင်း အဆင့် ခွဲခြမ်းစိတ်ဖြာမှု (The Individual)**

အခန်း(၂) Diversity in organizations
အခန်း(၃) Attitudes and Job Satisfaction
အခန်း(၄) Emotions and Moods
အခန်း(၅) Personality

နိဂုံး